## ဒုတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် "ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ"

လေစားရပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ မီဒီယာများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ ဖြစ်ပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(စတုတ္ထ)နေ့တွင် မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအစီရင်ခံမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီကို (၈-၈-၂၀၁၆)ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် အတည်ပြုဖွဲ့စည်းပေးခဲ့ပါသည်။ (၁၁-၈-၂၀၁၆) ရက်နေ့တွင် ကော်မတီအခန်း(၉)၌ ကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးမှာ-

(၁) မစကဥပဒေကို လေ့လာကြရန်နှင့် မိမိတို့မြို့နယ်ရှိ မစကများအကြောင်း၊ အခြားမြို့နယ်များမှ မစကများ လုပ်ငန်းလုပ်ကိုင်ပုံကို ကိုယ်စားလှယ်များမှတစ်ဆင့် လေ့လာ စုံစမ်းကြရန်၊

(၂) ဆက်သွယ်ရေးနှင့် ပတ်သက်၍ အမ်ပီတီ၊ အော်ရီဒူး၊ တယ်လီနောတိုင်များ၏ ပြသနာရှိသည်များကို ရှင်းလင်း နိုင်ရန်၊

(၃) ဆောက်လုပ်ရေးဆိုင်ရာအနေဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ ကိုယ်စားလှယ်များ အားလုံးက စောင့်ကြည့်လေ့လာနေသည်ဖြစ်၍ တင်ပြလာသည့် အခက်အခဲအပေါ် ကူညီ ဆောင်ရွက်ရန်၊

(၄) ရေယာဉ်များသည်လည်း ပို့ဆောင်ရေး ကဏ္ဍတွင် အရေးကြီးသဖြင့် ရစကကိုလည်း လေ့လာရန် လိုကြောင်း လိုအပ်ပါက ကဏ္ဍ(၃)ခုလုံးအတွက် ပညာရှင် များနှင့် တွေ့ဆုံဆွေးနွေးရန်လိုကြောင်း အကြံပြုဆွေးနွေးနိုင် ခဲ့ပါသည်။

ဒုတိယအကြိမ် ကော်မတီအစည်းအဝေးကို (၁-၁၀-၂၀၁၆)ရက် နေ့မှာ တိုင်းဆက်သွယ်ရေး မန်နေဂျာ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးတို့နှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာများ ဆွေးနွေးနိုင်ခဲ့ပါတယ်။ (၂-၁၀-၂၀၁၆)ရက်နေ့ အစည်းအဝေးတွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံနိုင်ရန် စီစဉ်ဖို့လိုကြောင်းနှင့် မစက ဥပဒေကိစ္စများ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကော်မတီ၏ ပုံမှန်အစည်းအဝေးကို လွှတ်တော်ပုံမှန်အစည်းအဝေးများ၏ နောက်ဆုံးသတင်းပို့ရမည့်ရက်ကို ပုံမှန် အစည်းအဝေးပြုလုပ်ရန် ညှိနှိုင်းသတ်မှတ်နိုင်ခဲ့ပါတယ်။

(၂၆-၁၀-၂၀၁၆) ရက်နေ့ (၂၇-၁၀-၂၀၁၆)ရက်နေ့တွေမှာ ရစကဥပဒေကို ဆွေးနွေးရန် လိုအပ်သဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတို့နှင့် စုပေါင်းပြီးတော့ အစည်းအဝေး ပြုလုပ်နိုင်ခဲ့ပါတယ်။ အဖွဲ့ဝင်များအားလုံး တက်ရောက်ဆွေးနွေးပြီး ချင်းတွင်းမြစ်ကမ်းဘေးမြို့နယ်များမှ ကိုယ်စားလှယ်များလည်း ဖိတ်ကြား ဆွေးနွေးစေခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦးလည်း တက်ရောက်ဆွေးနွေး ခဲ့ပါတယ်။

(၈-၁၁-၂၀၁၆) ရက်နေ့နှင့် (၉-၁၁-၂၀၁၆)ရက်နေ့များမှာ ရစက ဥပဒေနှင့်ပတ်သက်ပြီးတော့ ထပ်မံတွေ့ဆုံဆွေးနွေးကြပြီး ပြင်ဆင်ရန် လိုအပ်သည်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ ပေးပို့နိုင်ခဲ့ပါတယ်။ (၃-၁၂-၂၀၁၆)ရက်နေ့တွင် ကော်မတီ(၃)ရပ် အစည်းအဝေးတွင် ရစက ဥပဒေကို ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ဆောင်ရွက်မည့် အနေအထားအား ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး မစကဥပဒေကိုပါ တစ်ပေါင်းတည်း အကြမ်းအားဖြင့် ဆွေးနွေးနိုင်ခဲ့ပါတယ်။

ကော်မတီအနေဖြင့် ဆက်သွယ်ရေးကဏ္ဍအရ ပြည်သူများနှင့် မကြေမလည် ဖြစ်နေမှုများ ဖြစ်သည့် တာဝါတိုင်များကိစ္စ မည်ကဲ့သို့ ဖြေရှင်းရမည်ကို အမြန်ဆုံးဆက်သွယ် ဆောင်ရွက်နိုင်ရန်၊ အမ်ပီတီ၊ အော်ရီဒူး၊ တယ်လီနော ကုမ္ပဏီများမှ တာဝါတိုင်ကုမ္ပဏီများစာရင်းနှင့် ဆက်သွယ်ရမည့်လိပ်စာ၊ တယ်လီဖုန်းနံပတ်များရရှိရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်သို့ ဆက်သွယ်တောင်းခံထားပြီး ရရှိလာပါက မြို့နယ်အလိုက်ခွဲ၍ ကိုယ်စားလှယ်များအား ဝေငှပေးထားရန် စီစဉ်ဆောင်ရွက် ထားရှိပါတယ်။

ဆောက်လုပ်ရေးကဏ္ဍအနေဖြင့် ကိုယ်စားလှယ်များအားလုံးက ဘတ်ဂျက်လေ့လာစောင့်ကြည့်နေသူများဖြစ်သည့်အလျောက် ထူးခြား ဖြစ်စဉ်များ၊ အထူးကိစ္စရပ်များရှိပါက ကော်မတီအကူအညီ ရယူဆောင်ရွက် ကြရန်ဖြစ်ပြီး ယခုအချိန်အထိ မည်သည့်ကိစ္စရပ်များမှ ပေါ်ပေါက်ခြင်း မရှိသေးကြောင်း တွေ့ရပါတယ်။

ရှေ့လုပ်ငန်းစဉ်အနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ မုံရွာ မစကမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားကို သိရှိအောင်ဆောင်ရွက်ပြီး တိုင်းဒေသကြီး လွှတ်တော်၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် ကော်မတီအဖွဲ့ဝင်များအားလုံး တက်ညီလက်ညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် ရိုသေလေးစားစွာ အစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝဏ္ဏ**

**ဥက္ကဋ္ဌ**

**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**

**ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**